# မာတိကာ


မွေးစမှ လေးဖက်သွားသည့် အရွယ်အထိ ကလေးငယ်များ (မွေးစမှ ၉ လ အထိ) | ၆

၂၂ | လှုပ်လှုပ်ရှားရှား လမ်းလျှောက်စအရွယ်ကလေးများ (၉ လမှ ၁၈ လ အထိ)

စပ်စုတတ်ပြီး ပြောမနိုင်၊ ဆိုမနိုင်သည့်အရွယ် (၁ နှစ်ခွဲမှ သုံးနှစ်ခွဲ အထိ) | ၃၆

၅၀ | မူကြိုကျောင်းနေအရွယ်များ – အမှီအခိုကင်းသည့် စွန့်စားခန်းဖွင့်သူများ (၃ နှစ်ခွဲမှ ၅ နှစ် အထိ)


## ရေချိုးပေးခြင်းအတွက် အကြံပြုချက်များ

- သင်လိုအပ်သည့်အရာတိုင်းကို လက်တစ်ကမ်းတွင် ထားရှိပါ။
- သင့်ကလေးငယ်အား ရေချိုးမည့် ရေဇလားထဲ၌ မည်သည့်အခါမျှ စောင့်ရှောက်မှုကင်းမဲ့စွာဖြင့် မထားခဲ့ပါနှင့်။ သို့မဟုတ်လျှင်လည်း ကလေးကြီးတစ်ဦး၏ အစောင့်အရှောက်အောက်၌ မထားခဲ့ပါနှင့်။
- သင့်ကလေးဟား ရေထဲတွင်ရှိနေချိန်၌ လက်ဖြင့် အမြဲကိုင်တွယ်ထားပါ။ ရေအနီးအနားတွင် ၎င်းအား အမှုမဲ့ အမှတ်မဲ့ထားခြင်း၊ မျက်စိလွှဲမိခြင်းများ မလုပ်ပါနှင့်။
- ရေဇလားထဲ ရေဖြည့်သည့်အခါ ရေအေးကို အရင်ဖြည့်ပါ။ ပြီးလျှင် ရေနွေး၊ ထို့နောက် ရေအေးပြန်ဖြည့်ပြီး အပူအအေးမျှနေအောင် မွှေပေးပါ။





## သင်၏ နို့စို့ကလေးငယ် သင်ယူနေသည့် ကျွမ်းကျင်မှုများ

နို့စို့ကလေးငယ်တိုင်းတွင် ဖွံ့ဖြိုးမှုအဆင့်များမှာ အတူတူပင်ဖြစ်သော်လည်း သူ့အတိုင်းအတာနှင့် သူ ဖွံ့ဖြိုးလာကြသည်။ သင့်နို့စို့ကလေးသည် မွေးစတွင် လူးလူးလွန့်လွန့် ရှိလိမ့်မည်။ ခြောက်လအရွယ်တွင် စထိုင်ပြီး ကိုးလခန့်တွင် လေးဖက်သွားပါလိမ့်မည်။ သူတို့သည် တွေ့ကရာကို လှမ်းဆွဲကာ ပါးစပ်ထဲသို့ ထည့်တတ်ပါသည်။ သင့်ကလေးငယ် ကြီးထွားချိန်၌ သူ၏ဖွံ့ဖြိုးမှုကို နားလည်ခြင်းက သင်၏ ကလေးထံမှ ကြီးမားသော ပျော်ရွှင်မှုကို ရရှိနိုင်ရန် အထောက်အကူပြုပေးမည့်အပြင် ၎င်းအား ဘေးကင်းလုံခြုံအောင် ထားရှိရာတွင်လည်း အကူအညီ ဖြစ်နိုင်ပါသည်။